# ပေတရုဩဝါဒစာပထမစောင်

## နိဒါန်း

*ခရစ်တော်**ယေရှု**သခင်၏ တမန်တော်ဖြစ်သော **ပေတရု**သည်သူ၏ပထမစောင်ကိုခရစ်သက္ကရာဇ်၆၄ခုနှစ်တွင် ရေးသားခဲ့၏။ ရေးဟောင်းအစဉ်အလာအရ**ပေတရု**သည်ခရစ်သက္ကရာဇ် ၆၄–ခုနှစ်**နေရိုး**ဘုရင်၏ ညှင်းပန်းနှိပ်စက်မှုကာလတွင် အသတ် ခံခဲ့ရသည်။**ပေတရု**သည် ပထမစောင်ကို **အာရှမိုင်းနား**ဒေသ မြောက်ပိုင်းတွင်ပျံ့နှံ့လျက်ရှိသည့်ခရစ်ယာန်များထံသို့ရေးသားပေးပို့ခဲ့ခြင်းဖြစ်၏။ဤစာစောင်တွင် ထိုသူတို့အားဘုရားသခင်ရွေးချယ်တော်မူသောလူမျိုးတော်ဟူ၍ ခေါ်ဆိုထားလေသည်။ ဤစာ၏အဓိကရည်ရွယ်ချက်မှာမိမိတို့၏ယုံကြည်ခြင်းအတွက်ကြောင့်ဆင်းရဲဒုက္ခနှင့်ညှင်းပန်းနှိပ်စက်ခြင်း ခံနေရကြသောခရစ်ယာန်ကိုအားပေးစကားပြောကြားရန်ပင်ဖြစ်၏။ ခရစ်တော်**ယေရှု**၏သေခြင်း၊ရှင်ပြန်ထမြောက်တော်မူခြင်းနှင့်နောက်တဖန်ပြန်လည်ကြွလာမည်ဟုကတိထားတော်မူခြင်းဟူသော သတင်းကောင်းများကြောင့် ခရစ်ယာန်တို့သည် မျှော်လင့်ချက်ရှိသူများဖြစ်ကြောင်းကို ဤစာစောင်အားဖြင့် သတိပေးသည်။ ယင်းသို့မျှော်လင့်ချက်ရှိသူများ ဖြစ်ကြသည်နှင့်အညီမိမိတို့ရင်ဆိုင်ရကြသည့်ဆင်းရဲဒုက္ခများကို ခွဲသတ္တိဖြင့်ရင်ဆိုင်ရကြမည်ဖြစ်ကြောင်း၊ဤဆင်းရဲဒုက္ခများကားဘုရားသခင်အပေါ်ထားရှိသည့်မိမိတို့၏ယုံ ကြည်ခြင်းစစ်မှန်မှု ရှိမရှိကိုစမ်းသပ်မှုသာဖြစ်ကြောင်းနှင့် ခရစ်တော်**ယေရှု**သခင်ကြွလာတော်မူသောနေ့၌ ကောင်းကင်သုခချမ်းသာ ဆုလာဒ်တော်ခံယူရရှိကြလိမ့်မည်ဖြစ်ကြောင်းကို ယုံကြည်စိတ်ချကြစေရန်စာရေးသူက အားပေး စကားပြောလေသည်။*

*ခရစ်ယာန်တို့သည် ခရစ်တော်နှင့်သာသက်ဆိုင်သောသူများကဲ့သို့ကျင့်ကြံနေထိုင်ကြရန်ကိုလည်းစာရေးသူကမိမိ၏အားပေးစကားများနှင့်အတူနှီးနှောတိုက်တွန်းထားသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

*–နိဒါန်း ၁း၁–၂*
*–ဘုရားသခင်၏ကယ်တင်တော်မူခြင်းအကြောင်း ပြန်လည်သတိရစေခြင်း ၁း၃–၁၂*
*–မွန်မြတ်သည့်အကျင့်သီလတည်ဆောက်ရန် တိုက်တွန်းနှိုးဆော်ခြင်း ၁း၁၃–၂း၁၀*
*–ဆင်းရဲဒုက္ခရောက်ချိန်၌ခရစ်ယာန်တို့၌ရှိသည့် တာဝန်ဝတ္တရားများ ၂း၁၁–၄း၁၉*
*–ခရစ်ယာန်နှိမ့်ချမှုနှင့်အစေခံမှု ၅း၁–၁၁*
*–နိဂုံး ၅း၁၂–၁၄*

## အခန်းကြီး(၁)

### နှုတ်ခွန်းဆက်မင်္ဂလာစကား

၁။ ခရစ်တော်**ယေရှု**၏ တမန်တော်**ပေတရု**ထံမှ၊ **ပုန္တု**ပြည်၊ **ဂလာတ**ပြည်၊ **ကပ္ပဒေါကိ**ယပြည်၊ **အာရှ**ပြည်နှင့် **ဗိသုနိ**ယပြည်တို့တွင် ဧည့်သည်အာဂန္တုအဖြစ်နှင့်ပျံ့နှံ့နေထိုင်လျက်ရှိကြသောဂျူးလူမျိုးများနှင့်
၂။ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းမြင့်မြတ်စေရန်နှင့် ခရစ်တော်**ယေရှု**ကို နာခံ၍ကိုယ်တော်၏ အသွေးတော်ဖြင့် သန့်စင်မွန် မြတ်စေရန်ဘုရားသခင်ရွေးချယ်တော်မူသော သင်တို့၌ ဘုရားသခင်၏ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း မင်္ဂလာတိုးပွားပါစေသော်။

### ရှင်သန်သည့်မျှော်လင့်ခြင်း

၃။ ငါတို့သခင်ခရစ်တော် **ယေရှု**သခင်၏ ခမည်းတော်ဘုရားအားကိုယ်တော်၏မဟာကရုဏာတော်အတွက် ချီးမွမ်း ထောပနာပြုကြကုန်စို့။ကိုယ်တော်သည်ခရစ်တော်**ယေရှု**သခင်အားသေခြင်းမှ ရှင်ပြန်ထမြောက်စေခြင်းဖြင့် ငါတို့အားဘဝသစ်နှင့် ရှင်သန်သည့်မျှော်လင့်ခြင်းကိုပေးတော်မူ၏။
၄။ ဘုရားသခင်သည် သင်တို့အဖို့ ပျက်စီးယိုယွင်းပျောက်ကွယ်ခြင်းမရှိသော အမွေတော်ကို ကောင်းကင်ဘုံတွင် လျာထားတော်မူ၏။
၅။ အကြောင်းမှာဘုရားသခင်၏ စွမ်းအား တန်ခိုးတော်သည်အဆုံးစွန်သောကာလ၌ ကယ်တင်တော်မူခြင်းကျေးဇူးတော်ကို ထင်ရှားစေသည့်တိုင်အောင်သင်တို့
၆။ ကိုယုံကြည်ခြင်းအားဖြင့်ထိန်းသိမ်းထားတော်မူသည်။ သင်တို့သည်ခေတ္တကာလမျှစုံစမ်းနှောင့်ယှက်ခြင်းများခံရသော်လည်းရွှင်လန်းဝမ်းမြောက်စရာအကြောင်းရှိ
၇။ ပေသည်။ရွှေစစ်၊ မစစ်ကိုမီးတွင် စမ်းသပ်ရသကဲ့သို့ သင်တို့၏ယုံကြည်ခြင်းသည်လည်းစမ်းသပ်ခြင်းခံရလိမ့်မည်။ရွှေသည်ပျောက်ပျက်သွားနိုင်၏။သင်တို့၏ယုံကြည်ခြင်းမှုကားပိုမိုအဖိုးထိုက်တန်သဖြင့်သင်တို့သည်ခရစ်တော်ကြွလာတော်မူမည့်နောက်ဆုံးအချိန်ကာလ၌ဂုဏ်ပြုချီးကျူးခြင်းနှင့်ဘုန်းဂုဏ်တော်ကိုခံယူ

၈။ နိုင်ကြ ပေလိမ့်မည်။ သင်တို့သည် ခရစ်တော်ကို
မမြင်ဖူးကြသေးသော်လည်းသူ့ကိုချစ်မြတ်နိုးကြ၏။
ယခု ကိုယ်တော်ကို သင်တို့ မတွေ့မမြင်ရကြသော်
လည်းယုံကြည်ကြ၏။သို့ဖြစ်၍သင်တို့သည်နှုတ်ဖြင့်
မဖော်ပြနိုင်သော ရွှင်လန်းဝမ်းမြောက်ခြင်းကိုခံစားရ
၉။ ကြ၏။အဘယ်ကြောင့်ဆိုသော်သင်တို့ယုံကြည်ခြင်း
၏ဦးတည်ချက်ဖြစ်သည့်ခရစ်တော်၌ယုံကြည်ကြခြင်း
၏ရလဒ်ဖြစ်သည်။ ဝိညာဉ်ကယ်တင်ခြင်းဆုကျေးဇူး
ကိုသင်တို့ရရှိကြသောကြောင့်ဖြစ်၏။
၁၀။ ရှေးပရောဖက်များသည် ယင်းကယ်တင်ခြင်းနှင့်ပတ်
သက်၍သေချာစွာစုံစမ်းရှာဖွေခဲ့ကြ၏။သင်တို့ခံစားရ
ရှိကြမည့်ဆုကျေးဇူးတော်အကြောင်းကိုကြိုတင်ဟော
၁၁။ ကြားခဲ့ကြ၏။ယင်းဆုကျေးဇူးတော်သည် မည်သည့်
အချိန်ကာလတွင်မည်သူ့အပေါ်သက်ရောက်လာမည်
ကိုသိရှိနိုင်ရန်လည်းကြိုးစား၍ရှာဖွေလေ့လာခဲ့ကြ၏။
သူတို့အထဲ၌လှို့ဆော်ပေးလျက်ရှိသော ခရစ်တော်၏
ဝိညာဉ်တော်သည်ခရစ်တော်ခံထမ်းရမည့်ဒုက္ခစရိယာ
ကိုလည်းကောင်း၊ဒုက္ခခံထမ်းပြီးနောက် ခံစားရမည့်
ဘုန်းဂုဏ်တော်ကိုလည်းကောင်း ကြိုတင်ဖော်ပြခဲ့ပေ
၁၂။ သည်။ယင်းပရောဖက်များ၏ ဟောပြောချက်များမှာ
သူတို့အကျိုးအတွက်မဟုတ်၊သင်တို့ အကျိုးအတွက်
ဖြစ်ကြောင်းသူတို့အား ဘုရားသခင်ဖော်ပြတော်မူပေ
သည်။ထို့ကြောင့်ယခုအခါတွင်သင်တို့ထံသို့ဧဝံဂေလိ
သတင်းကောင်းကို ယူဆောင်လာသော သူတို့သည်
ထိုပရောဖက်တို့ကြိုတင်ဟောပြောသည့် နက်နဲရာအ
ကြောင်းအရာများကို ကောင်းကင်ဘုံမှ ဆင်းကြွလာ
တော်မူသောသန့်ရှင်းသောဝိညာဉ်တော်ဘုရား၏တန်
ခိုးတော်အားဖြင့် သင်တို့အား ဟောကြားခဲ့ကြ၏။
ထိုနက်နဲရာအကြောင်းများကို ကောင်းကင်တမန်များ
ပင်လျှင်သိမြင်လိုကြပေသည်။

## သန့်ရှင်းမွန်မြတ်သူများအဖို့ဖိတ်ခေါ်ခြင်း

၁၃။ သို့ဖြစ်၍ သင်တို့၏စိတ်နှလုံးများကို အသင့်ပြင်၍
သမ္မာသတိရှိကြလော့။ခရစ်တော်**ယေရှု**သခင်ကြွလာ
တော်မူသောအခါသင်တို့ခံစားရမည့် ကောင်းချီးမင်္ဂ
လာကျေးဇူးတော်ကိုအစွမ်းကုန်မျှော်လင့်လျက်နေကြ
၁၄။ လော့။ဘုရားသခင်၏စကားကို နားထောင်၍ ယခင်
သင်တို့ အသိတရား မဲ့စဉ်အခါက မိမိတို့ ဆန္ဒအ
လျောက်ပြုကျင့်ခဲ့သောဒုစရိုက်များကို ဆက်လက်၍
၁၅။ မပြုကျင့်ကြနှင့်။သင်တို့ကို ရွေးကောက်တော်မူသော
အရှင်သည် သန့်ရှင်းမွန်မြတ်တော်မူသကဲ့သို့သင်တို့
သည်လည်း သင်တို့ပြုကျင့်သမျှသောအမှုတို့၌ သန့်
၁၆။ ရှင်း မွန်မြတ်ကြရမည်။ အကြောင်းမူကား ငါသည်
သန့်ရှင်း မွန်မြတ်တော်မူသောကြောင့် သင်တို့သည်
လည်း သန့်ရှင်းမွန်မြတ်ကြလော့ဟု ကျမ်းစာလာသ
၁၇။ တည်း။လူမျိုးတန်းစား မခွဲမခြားဘဲလူတစ်ဦးစီ၏ပြု
ကျင့်မှုများနှင့်လျော်ညီစွာ တရားသဖြင့်စီရင်တော်မူ
သော ဘုရားသခင်ထံ ဆုတောင်းပတ္ထနာပြုကြသော
အခါသင်တို့သည်ကိုယ်တော်ကိုအဖဟုခေါ်တကြ၏။
ထို့ကြောင့်သင်တို့သည် ဤလောကတွင်ဧည့်သည်
အဖြစ်အသက်ရှင်ရပ်တည်နေသမျှကာလပတ်လုံးအဖ
ခမည်းတော်ဘုရားအား ကြောက်ရွံ့ရိုသေကြလော့။
၁၈။ သင်တို့၏ဘိုးဘေးများထံမှဆက်ခံရရှိသောအကျိုးမဲ့
ဘဝသက်တာထဲမှသင်တို့ကိုပျက်စီးတတ်သောရွှေ၊ငွေ
ဖြင့်အဖိုးအခပေး၍သင်တို့ကိုရွေးနှုတ်ကယ်ချွတ်သည်
မဟုတ်ကြောင်းကိုသင်တို့သိကြ၏။
၁၉။ အပြစ်အနာအဆာကင်းစင်သည့်သိုးသူငယ်တည်းဟူ
သောခရစ်တော်၏အသွေးတော်အားဖြင့်သာလျှင်သင်
တို့ ကိုရွေးနှုတ်တော်မူခဲ့သည်။
၂၀။ ဤကမ္ဘာလောကမတည်ရှိမီကပင် ဘုရားသခင်သည်
ခရစ်တော်ကို ရည်မှတ်ထားတော်မူပြီး ဤအဆုံး
စွန်သောကာလများ၌သင်တို့၏ အကျိုးအလို့ငှါခရစ်
တော်ကို ထင်ရှား ပေါ်ထွန်းစေတော်မူ၏။
၂၁။ သင်တို့သည် ခရစ်တော်ရှင်အားဖြင့် ဘုရားသခင်၌
အကြွင်းမဲ့ယုံကြည်မျှော်လင့်ခြင်းရှိစေခြင်းငှါ ဘုရား
သခင်သည်ခရစ်တော်ကို သေခြင်းမှထမြောက်စေ၍
ဘုန်းတော်ထွန်းတောက်စေတော်မူ၏။
၂၂။ သင်တို့သည်ညီအစ်ကိုအချင်းချင်းအပေါ်စစ်မှန်သော
ချစ်ခြင်းမေတ္တာထားရှိနိုင်စေရန် သမ္မာတရားတော်ကို
လိုက်နာကျင့်သုံးခြင်းအားဖြင့် မိမိတို့ စိတ်နှလုံးကို
သန့်ရှင်းစင်ကြယ်စေကြပြီးလျှင် သင်တို့အချင်းချင်း
တစ်ယောက် ကိုတစ်ယောက်အစွမ်းရှိသမျှနှင့်ချစ်ခင်
ကြလော့။
၂၃။ အဘယ်ကြောင့်ဆိုသော်သင်တို့သည်သေခြင်းတရား
မျိုးစေ့မှ မွေးဖွားလာသည့်သူများမဟုတ်။ သေခြင်း
တရားနှင့်ကင်းသောနိစ္စထာဝရဘုရားသခင်၏နှုတ်က
ပတ်တော် မျိုးစေ့အားဖြင့်အသစ်တဖန်မွေးဖွားလာသူ
များဖြစ်ကြသည်။
၂၄။ သမ္မာကျမ်းစာတော်၌ ရေးထားသည်မှာ လူသား
အပေါင်းတို့သည်မြက်ပင်နှင့်လည်းကောင်းသူတို့၏

ဂုဏ်အရေသည် လယ်ကွင်းရှိ မြက်၊ ပန်းနှင့်လည်း
ကောင်းတူကြ၏။ မြက်ပင်သည်ညှိုးနွမ်းခြောက်သွေ့
၍သွားတတ်၏။ပန်းပွင့်သည်လည်း ကြွေ၍ကျတတ်
၂၅။ ၏။ထာဝရဘုရား၏ နှုတ်ကပတ်တရားတော်မူကား
ထာဝစဉ်တည်မြဲတော်မူသည်ဟူ၍ဖြစ်သတည်း။ ဤ
နှုတ်ကပတ် တရားတော်သည်ကား သင်တို့အား
ငါဟောပြောကြေညာသည့် ဧဝံဂေလိသတင်းကောင်း
ပင် ဖြစ်ပေသည်။

## အခန်းကြီး (၂)

## အသက်ရှိသောကျောက်နှင့်မြင့်မြတ်သန့်ရှင်းသည့်လူမျိုးတော်

၁။ ထို့ကြောင့်သင်တို့သည်မကောင်းမှုအမျိုးမျိုးနှင့်တကွ
လှည့်ဖြားမှု၊ဟန်ဆောင်မှု၊မနာလိုမှု၊ကဲ့ရဲ့ပြောဆိုမှုတို့ကို
၂။ ပယ်ရှားကြလော့။သင်တို့သည်ဝိညာဉ်ရေးရာ၌ကယ်
တင်ခြင်းခံရအံ့သောငှါ၊မွေးစကလေးသူငယ်များသည်
နို့ရည်စစ်ကိုတမ်းတသကဲ့သို့နှုတ်ကပတ်တရားတော်
၃။ ကိုတမ်းတကြလော့။အကြောင်းမူကားသင်တို့သည်အ
ရှင်သခင်၏ကရုဏာတော်ကို မြည်းစမ်းဘူးကြသော
၄။ ကြောင့်တည်း။ သို့ဖြစ်၍ အသက်ရှိသောကျောက်
ဖြစ်တော်မူသည့် သခင်ဘုရား ထံသို့လာကြလော့။
ထိုကျောက်သည် လူတို့ပစ်ပယ်ထားခြင်း ခံရသော်
လည်းဘုရားသခင်၏ရွေးချယ်ခြင်းကို ခံရသည့်အဖိုး
၅။ တန်ကျောက် ဖြစ်တော်မူ၏။ သင်တို့သည် သက်ရှိ
ကျောက်များအဖြစ်ကိုယ်တော်ထံလာ၍ ဗိမ္မာန်တော်
တည်ဆောက်ရေးတွင် ပါဝင် အသုံးခံကြလော့။ ထို
ဝိညာဉ်ဗိမ္မာန်တော်တွင်သင်တို့သည်ဘုရားသခင်နှစ်
သက်တော်မူသော ဝိညာဉ်ယဇ်ကို သခင်**ယေရှု**ခရစ်
တော်အားဖြင့်ပူဇော်သောသန့်ရှင်းမြင့်မြတ်သည့်ယဇ်
၆။ ပုရောဟိတ်အနွယ်ဝင်များဖြစ်ကြလိမ့်မည်။ထိုသို့နှင့်
အညီ ကျမ်းစာတော်တွင် ငါသည်အဖိုးတန်ကျောက်
တစ်လုံးကို ရွေးချယ်၍**ဇီအုန်**တောင်ပေါ်၌ထောင့်ချုပ်
ကျောက်အဖြစ် ချထား၏။ ထိုအရှင်ကိုယုံကြည်သူ
သည် စိတ်ပျက်အရှက်ရလိမ့်မည်မဟုတ်ဟုရေးသား
ဖော်ပြထားသည်။
၇။ ဤကျောက်သည် ယုံကြည်သူသင်တို့အဖို့တန်ဖိုးရှိ၍
ဂုဏ်ယူဘွယ်ရာဖြစ်၏။မယုံကြည်သူတို့အဖို့မှာတိုက်
ကို တည်ဆောက်သော သူတို့ ပစ်ပယ်ထားသော
ကျောက်သည်အရေးကြီးသောထောင့်ချုပ်ကျောက်ဖြစ်
၈။ လာရ၏ဟူ၍လည်းကောင်း၊တဖန်ဤကျောက်သည်
လူတို့ခလုတ်ထိမိ၍ လဲကျစရာဖြစ်စေသောကျောက်
ဖြစ်၏ဟူ၍လည်းကောင်း ကျမ်းစာတွင် ဖော်ပြထား
သည်။ဘုရားသခင်ကြိုတင်သိမြင်ထားတော်မူသည့်
အတိုင်းသူတို့သည် နှုတ်ကပတ်တရားကိုမယုံကြည်
ကြသဖြင့် ထိုကျောက်တွင် ခလုတ်ထိမိ၍လဲကြ၏။
၉။ သင်တို့သည်ရွေးချယ်တော်မူခြင်းခံရသောလူမျိုး၊ယဇ်
ပုရောဟိတ်မင်း ရဟန်းမျိုး၊ သန့်ရှင်းမွန်မြတ်သည့်
လူမျိုး၊ဘုရားသခင်ပိုင်ဆိုင်တော်မူသောလူမျိုးဖြစ်ကြ
၏။ဘုရားသခင်သည် မိမိပြုလုပ်တော်မူသောအံ့ဩ
ဖွယ်ကောင်းသည့်အမှုအရာများကို ဖော်ပြစေခြင်းငှါ
သင်တို့အားအမှောင်ထဲမှအံ့ဖွယ်သောအလင်းတော်သို့
၁၀။ ခေါ်တော်မူလေပြီ။ တစ်ချိန်တစ်ခါက သင်တို့သည်
လူမျိုးတော် မဟုတ်ကြသော်လည်း ယခုမှာမူဘုရား
သခင်၏လူမျိုးတော်ဖြစ်လာကြ၏။တစ်ချိန်တစ်ခါက
သင်တို့သည်ဘုရားသခင်၏ ကရုဏာသနားခြင်းကို
မခံရကြသော်လည်းယခုမှာမူဘုရားသခင်၏ကရုဏာ
သနားတော်မူခြင်းကို ခံရကြသည်။
၁၁။ ချစ်မြတ်နိုးရသူတို့ သင်တို့သည်ဤလောကတွင်ဧည့်
သည်များအဖြစ်ကျင်လည်နေကြစဉ်မိမိတို့ဝိညာဉ်ရေး
ကိုအစဉ်တိုက်ခိုက်လျက်ရှိသောကာမဂုဏ်တပ်မက်မှု
များကိုမလိုက်စားကြရန် ငါသည်သင်တို့ကို တိုက်
၁၂။ တွန်းနှိုးဆော်၏။သင်တို့သည်လူမျိုးခြားတို့အလယ်
တွင် အပြစ်တင်ခွင့်လွတ်ကင်းအောင်ကျင့်ကြံနေထိုင်
ကြလော့။သူတို့သည်သင်တို့အားမကောင်းမှုပြုသူများ
ဟုမားယွင်းစွာအပြစ်တင်ကြသော်လည်းသခင်ဘုရား
ကြွလာတော်မူမည့်နေ့၌ သင်တို့၏ကောင်းမှုများကို
မြင်ကြသဖြင့် သူတို့သည် ကိုယ်တော်၏ဘုန်းဂုဏ်
တော်ကို ချီးမွမ်းဧကျူးပေလိမ့်မည်။
၁၃။ သင်တို့သည်သခင်ဘုရား၏မျက်နှာတော်ကိုထောက်
၍ အာဏာပိုင်လူပုဂ္ဂိုလ်များကိုလည်းကောင်း ဘုရင်
ဧကရာဇ်မင်းအားအချုပ်အခြာ အာဏာပိုင်အဖြစ်ဖြင့်
၁၄။ လည်းကောင်း၊မကောင်းမှုပြုသူတို့အားအပြစ်ဒဏ်ပေး
ရန်နှင့်ကောင်းမှုပြုသူတို့အားဂုဏ်ပြုအားပေးရန်ဘုရင်
ဧကရာဇ် ခန့်ထားသော ဘုရင်ခံချုပ်များကိုလည်း
၁၅။ ကောင်း၊ ကျိုးနွံနာခံကြလော့။သင်တို့သည် ကောင်း
သောအကျင့်တို့ကိုကျင့်ခြင်းအားဖြင့်အသိဉာဏ်ကင်း
မဲ့စွာပြစ်တင်ဝေဖန်သောလူမိုက်တို့၏နှုတ်ကိုပိတ်ရန်
၁၆။ ဘုရားသခင် အလိုတော်ရှိတော်မူ၏။ သင်တို့သည်
လွတ်လပ် သူများအနေဖြင့် ပြုမူ နေထိုင်ကြလော့။

မကောင်းမှုဒုစရိုက်ကိုဖုံးကွယ်ရန်အတွက် မိမိတို့၏
လွတ်လပ်မှုကို အသုံးမပြုကြနှင့်သင်တို့သည် လွတ်
လပ်သူများဖြစ်ကြ၍ဘုရားသခင်၏ အစေခံများဖြစ်
၁၇။ ကြ၏။ ခပ်သိမ်းသောလူတို့အား ရိုသေလေးစားကြ
လော့၊ ယုံကြည်သူညီအစ်ကိုချင်းတို့အား ချစ်ခင်ကြ
လော့၊ ဘုရားသခင်ကို ကြောက်ရွံ့ ရိုသေကြလော့။
ဘုရင်ဧကရာဇ်မင်းအား ရိုသေဂုဏ်ပြုကြလော့။

### ခရစ်တော်၏ဒုက္ခခံခြင်းစံနမူနာ

၁၈။ အစေခံတို့၊သင်တို့၏သခင်များအား ရိုသေစွာကျိုးနွံ
နာခံကြလော့။ စိတ်ထားကောင်း၍ ညှာတာထောက်
ထားတတ်သော သခင်များကိုသာမဟုတ်ဘဲ၊ဆက်ဆံ
ရေးညံ့၍ စိတ်ထားခက်ထန်သောသခင်များကိုလည်း
၁၉။ ရိုသေစွာကျိုးနွံနာခံကြလော့။ အကြောင်းမူကားသင်
တို့သည်ဘုရားသခင်၏ အလိုတော်ကိုထောက်၍မိမိ
တို့မခံထိုက်သောဆင်းရဲဒုက္ခများကိုခံထမ်းကြပါလျှင်
ဘုရားသခင်ထံမှအကျိုးကျေးဇူးများ ခံစားရကြလိမ့်
၂၀။ မည်။သင်တို့သည်မိမိတို့ပြုမိသောအမှားများအတွက်
အပြစ်ဒဏ်ခံရကြလျှင်သင်တို့အားအဘယ်သို့ချီးမွမ်း
စရာအကြောင်းရှိမည်နည်း။သို့သော်သင်တို့သည်မှန်
ကန်ရာကို ပြုသောအခါ ဆင်းရဲဒုက္ခ ခံရကြပါလျှင်
ဘုရားသခင်၏ရှေ့မှောက်တော်၌အကျိုးကျေးဇူးခံစား
၂၁။ ရကြပေလိမ့်မည်။ဤသို့ပြုကျင့်ကြစေရန်သင်တို့သည်
ရွေးကောက်ခြင်း ခံရကြသည်။ခရစ်တော်သည် သင်
တို့အတွက်ကိုယ်တော်တိုင်ဒုက္ခဝေဒနာခံထမ်းတော်မူ
၍ကိုယ်တော်၏ ခြေရာတော်ကိုသင်တို့နင်းနိုင်ကြစေ
၂၂။ ရန်စံနမူနာထားတော်မူခဲ့၏။ထိုသခင်သည်အပြစ်ဒုစ
၂၃။ ရိုက်ကိုပြုတော်မမူ။နှုတ်အားဖြင့်လည်းမုသားစကား
သုံးတော်မမူ။ကဲ့ရဲ့ ပြောဆိုခြင်းခံရတော်မူသောအခါ
ကဲ့ရဲ့ခြင်းဖြင့် တုံ့ပြန်တော်မမူ၊ဒုက္ခဝေဒနာ ခံထမ်းရ
သောအခါ ခြိမ်းခြောက်ကျိန်ဆဲခြင်း ပြုတော်မမူဘဲ
ဖြောင့်မှန်စွာစီရင်တော်မူသော ဘုရားသခင်၏လက်
၂၄။ တော်၌ မိမိကိုယ်ကို အပ်နှံတော်မူ၏။ ငါတို့သည်
အပြစ်ဒုစရိုက် ပြုလုပ်ခြင်းများကို အဆုံးသတ်ကြ၍
ဖြောင့်မတ်စွာပြုလုပ်ခြင်းများအတွက် ရှင်သန်နိုင်ကြ
စေရန် ကိုယ်တော်သည် ငါတို့၏အပြစ်ဝန်ထုတ်ကို
ထမ်းလျက်လက်ဝါးကပ်တိုင်၌ဒုက္ခဝေဒနာခံတော်မူ
၏။ကိုယ်တော်၏ ဒဏ်ရာတော်များအားဖြင့်သင်တို့
သည်အပြစ်အနာအဆာမှ ပျောက်ကင်း ချမ်းသာရာ
၂၅။ ရခဲ့ကြသည်။အတိတ်ကာလ၌သင်တို့သည်လမ်းလွဲ၍
ပျောက်နေသောသိုးကဲ့သို့ဖြစ်ကြသော်လည်းယခုကာ
လတွင် သင်တို့၏ ဝိညာဉ်များကို ထိန်းသိမ်းစောင့်
ရှောက်တော်မူသော သိုးထိန်းအရှင်ထံတော်သို့ ပြန်
လည်ရောက်ရှိကြလေပြီ။

## အခန်းကြီး (၃)

### ဇနီးများနှင့်ခင်ပွန်းသည်များ

၁။ ထိုနည်းတူစွာဇနီးသည်တို့၊ သင်တို့၏ခင်ပွန်းသည်
တို့အား ကျိုးနွံနာခံကြလော့၊အကယ်၍ သင်တို့တွင်
ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုမယုံကြည်
သောခင်ပွန်းသည်အချို့ရှိလျှင် ဇနီးသည်တို့သည်မိမိ
၂။ တို့၏စကားအပြောအဆိုအားဖြင့်မဟုတ်ဘဲ၊စိတ်ထား
ဖြူစင်မှုနှင့်ဘုရားတရား ရိုသေကိုင်းရှိုင်းမှုတို့ကိုမြင်
လာစေခြင်းအားဖြင့်သူတို့ကိုယုံကြည်လာနိုင်စေလိမ့်
၃။ မည်။ သင်တို့သည်မိမိကိုယ်ကိုအလှတန်ဆာဆင်ကြ
ရာတွင်ဆံပင်ကျစ်ခြင်း၊ ရွှေ၊ ငွေ၊ ရတနာဆင်ခြင်း၊
အဖိုးတန်ဝတ်စားဆင်ယင်ခြင်းတို့ဖြင့်ပြင်ပအလှဆင်
၄။ ခြင်းထက်၊ဘုရားသခင်၏ရှေ့မှောက်တော်တွင်အဖိုး
အနဂ္ဃ ထိုက်တန်ကာ ထာဝစဉ် တည်မြဲမည့် နူးညံ့
သိမ်မွေ့၍ချမ်းမြေ့သောအတွင်းစိတ်သဘောထားဖြင့်
၅။ အလှတန်ဆာဆင်ကြလော့။ဤနည်းဖြင့်ရှေးကာလမှ
မွန်မြတ်သန့်ရှင်း၍ ဘုရားသခင်ကိုမျှော်လင့်အားကိုး
သောအမျိုးသမီးတို့သည်မိမိတို့ခင်ပွန်းသည်များအား
ကျိုးနွံနာခံခြင်းအားဖြင့်ကိုယ့်ဘဝကို အလှတန်ဆာ
၆။ ဆင်ကြ၏။ဥပမာပြောရသော် **ဆာရာ**သည်**အာဗြရာ
ဟမ်**အား ရိုသေကျိုးနွံနာခံ၍ မိမိသခင်ဟုခေါ်ခဲ့၏။
သင်တို့သည် ကောင်းမြတ် မှန်ကန်သည့်အမှုတို့ကို
ကျင့်ကြံ၍ မည်သည့်အရာကိုမျှကြောက်ရွံ့စိုးရိမ်မှုမရှိ
ကြလျှင် **ဆာရာ**၏သားသမီးများဖြစ်ကြ၏။
၇။ ထိုနည်းတူစွာပင်အသင်ခင်ပွန်းသည်တို့ သင်တို့၏
ဇနီးသည်များနှင့်အတူဘဝရှင်သန်နေထိုင်ကြရာတွင်
သဘောထား ပြည့်ဝစွာဖြင့် ပေါင်းသင်းဆက်ဆံကြ
လော့။ဇနီးသည်အမျိုးသမီးတို့သည်သင်တို့ထက်အား
နွဲ့သူများ ဖြစ်ကြသော်လည်း ဘဝရှင်သန်မှုကျေးဇူး
တော်ကိုသင်တို့နှင့်အတူခံစားကြရသဖြင့် သူတို့အား
ရိုသေလေးစားကြလော့။ သို့မှသာ၊ဘုရားသခင်သည်
သင်တို့၏ဆုတောင်းသံကို နားညောင်းတော်မူလိမ့်
၈။ မည်။ နောက်ဆုံးမှာကြားလိုသည်မှာ သင်တို့သည်
အချင်းချင်းစိတ်တစ်လုံးတစ်ဝတည်းရှိကြ၍တစ်ဦးနှင့်

တစ်ဦးစာနာထောက်ထားကြလော့။တစ်ဦးနှင့်တစ်ဦး
ချစ်ခင်ကြင်နာကြ၍ နှိမ့်ချသော စိတ်သဘောထား
၉။ ရှိကြလော့။ အဆိုးကို အဆိုးအားဖြင့်လည်းကောင်း၊
ကျိန်ဆဲခြင်းကို ကျိန်ဆဲခြင်းအားဖြင့်လည်းကောင်း၊
တုံ့ပြန်ခြင်းမပြုကြနှင့်။ထိုသို့ပြုမည့်အစားကောင်းချီး
မင်္ဂလာပေးကြလော့။အဘယ်ကြောင့်ဆိုသော်ဘုရား
သခင်ကတိထားတော်မူသည့်ကောင်းချီးမင်္ဂလာတော်
ကိုသင်တို့အမွေခံစားနိုင်ရန်ကိုယ်တော်သည် သင်တို့
၁၀။ ကို ဖိတ်ခေါ်တော်မူ၏။ သမ္မာကျမ်းစာ တော်တွင်
အကယ်၍သင်သည် ဘဝရှင်သန်မှုကိုမြတ်နိုး၍စည်း
စိမ်ချမ်းသာပျော်ရွှင်မှုကိုအလိုရှိလျှင်မိမိလျှာကိုမညစ်
ညမ်းစေရန်ထိန်းသိမ်းရမည်။ မိမိနှုတ်ကိုလည်းလိမ်
၁၁။ လည်ပြောဆိုမှုနှင့်ကင်းစေရမည်။အပြစ်မကောင်းမှုကို
ရှောင်ကြဉ်၍ကောင်းမှုပါရမီကိုပြုကျင့်လော့။ငြိမ်းချမ်း
၁၂။ မှုကိုရယူထိန်း သိမ်းလော့။ အဘယ်ကြောင့်ဆိုသော်
ထာဝရဘုရားသည် ဖြောင့်မတ်သူတို့အား ကြည့်ရှု
စောင့်ရှောက်တော်မူ၍သူတို့၏တောင်းလျှောက်သံကို
နားညောင်းတော်မူ၏။သို့ရာတွင် သခင်ဘုရားသည်
အပြစ်မကောင်းမှု ပြုသူတို့ထံမှ ရွှေမျက်နှာတော်ကို
လွှဲတော်မူ၏ဟု ဖော်ပြထားသည်။
၁၃။ အကယ်၍သင်တို့သည် ကောင်းမှုပြုရန်ဆက်ကပ်ကြ
ပါလျှင် မည်သူသည် သင်တို့အား ဘေးသင့်စေနိုင်
၁၄။ မည်နည်း။ အကယ်၍သင်တို့သည် ဖြောင့်မတ်ခြင်း
တရား ကျင့်သုံးသောကြောင့် ဒုက္ခဆင်းရဲ ခံရသော်
လည်းမင်္ဂလာရှိကြ၏။သူတို့၏ခြိမ်းခြောက်ခြင်းများ
၁၅။ ကို ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိကြနှင့်။ သို့ရာတွင်
သင်တို့စိတ်နှလုံးတွင်ခရစ်တော်ကိုသခင်အဖြစ်ရိုသေ
မှုရှိကြလော့။ သင်တို့ ထားရှိသည့်မျှော်လင့်ချက်အ
ကြောင်းကိုစစ်ဆေးမေးမြန်းလာသူအားသိမ်မွေ့ရိုသေ
စွာရှင်းလင်းဖြေကြားရန်အမြဲအစဉ်အသင့်ရှိကြလော့။
၁၆။ သင်တို့အားစော်ကားပြောဆိုသောသူတို့သည်သင်တို့
၏မွန်မြတ်သောခရစ်ယာန်ဘဝသက်တာကျင့်စဉ်များ
ကိုမြင်၍အရှက်ရကြစေရန်သင်တို့၏သြတ္တပ္ပစိတ်ကို
ကြည်လင်စေကြလော့။
၁၇။ အကယ်၍ဘုရားသခင်၏အလိုတော်အရ သင်သည်
ဆင်းရဲဒုက္ခခံရလျှင် ကောင်းမှုပြုသည့်အတွက်ဆင်းရဲ
ဒုက္ခခံရခြင်းသည် မကောင်းမှုပြုသည့်အတွက်ဆင်းရဲ
၁၈။ ဒုက္ခခံရခြင်းထက်ပို၍ကောင်းမွန်၏။အဘယ်ကြောင့်
ဆိုသော်ခရစ်တော်ကိုယ်တိုင်ပင်လျှင် ငါတို့၏အပြစ်
များအတွက် အပြီးအပိုင်အသေခံတော်မူသောကြောင့်
ဖြစ်၏။ကိုယ်တော်သည် ဖြောင့်မတ်တော်မူ၍ဘုရား
သခင်ထံတော်သို့ငါတို့ကိုပို့ဆောင်ရန် မဖြောင့်မတ်
သောသူတို့အတွက်အသေခံတော်မူလေပြီ။ကိုယ်တော်
သည်လူသားများကဲ့သို့ ခန္ဓာကိုယ်အသေသတ်ခြင်းခံ
ရသော်လည်း ဝိညာဉ်တော်အားဖြင့်အသက်ပြန်၍ရှင်
၁၉။ တော်မူ၏။ဝိညာဉ်တော်အားဖြင့် ကိုယ်တော်သည်အ
ကျဉ်းထောင်ထဲ၌ရှိသောဝိညာဉ်များထံသို့သွားရောက်
၂၀။ ၍ တရားဟောပြောတော်မူ၏။ ထိုဝိညာဉ်တို့မူကား၊
ရှေးကာလက၊ **နောဧ**လက်ထက်၌ လူနည်းစုရှစ်
ယောက်တစ်ဖွဲ့ကို ရေလွှမ်းမိုးခြင်းဘေးမှကယ်ဆယ်
မည့်သင်္ဘောကို တည်ဆောက်လျက်နေစဉ်။ ကမ္ဘာ
လောကကိုဒဏ်ခတ်ရန် သည်းခံစောင့်ဆိုင်းလျက်နေ
တော်မူသော ဘုရားသခင်အားနာမခံခဲ့ကြသော လူ
၂၁။ မျိုးဆက်များဖြစ်ကြသည်။ထိုသို့ရေဖြင့် ကယ်ဆယ်
ခြင်းခံရခြင်းသည်ယခုသင်တို့ကယ်တင်ခြင်းခံရသော
ဆေးကြောခြင်းမင်္ဂလာကို ပုံဆောင်ပေသည်။ ဆေး
ကြောခြင်းမင်္ဂလာခံယူခြင်းသည် ကိုယ်ကာယအညစ်
အကြေးများကိုသန့်စင်ဆေးကြောခြင်းမျိုးမဟုတ်ဘဲ၊
ခရစ်တော်**ယေဇူး**သခင်၏ ရှင်ပြန်ထမြောက်တော်မူ
ခြင်းအားဖြင့် ကြည်လင်သော သြတ္တပ္ပစိတ်ရှိလာရန်
၂၂။ ဘုရားသခင်ထံ တောင်းခံခြင်းဖြစ်သည်။ ထိုသခင်
သည်ကောင်းကင်ဘုံသို့ကြွဝင်တော်မူ၍ကောင်းကင်
တမန်များ၊ကောင်းကင်အုပ်စိုးရှင်နှင့်စွမ်းအားတန်ခိုး
ရှင်များကို အုပ်စိုးလျက် ခမည်းတော်ဘုရား၏လက်
ယာတော်ဘက်တွင် စံပယ်တော်မူ၏။

## အခန်းကြီး (၄)
## ပြုပြင်ပြောင်းလဲသောဘဝ

၁။ ခရစ်တော်သည်ကာယဒုက္ခ ခံထမ်းတော်မူသကဲ့သို့၊
သင်တို့သည်လည်းကာယဒုက္ခခံထမ်းနိုင်ရန်ထိုကဲ့သို့
သောခံယူချက်မျိုးရှိရကြမည်။ကာယဒုက္ခခံထမ်းဖူးသူ
ဟူသမျှတို့သည် အပြစ်ဒုစရိုက်နှင့်အဆက်ဖြတ်ခဲ့ကြ
၂။ ၏။အဘယ်ကြောင့်ဆိုသော် ဤလောကတွင် သူတို့
၏တပ်မက်ခြင်းစိတ်ဆွဲဆောင်ရာသို့မလိုက်ဘဲ၊ဘုရား
သခင်၏အလိုတော်ကိုလိုက်နာလိုသောကြောင့် ဖြစ်
၃။ သည်။လွန်ခဲ့သည့်ကာလ၌သင်တို့သည်ဘုရားတရား
မဲ့သူများပြုကျင့်သကဲ့သို့အပျော်အပါးကြူးခြင်း၊ ကာ
မဂုဏ်လိုက်စားခြင်း၊ သေသောက်ကြူးခြင်း၊ တရား

လွန်သောက်စားပျော်မြူးခြင်းနှင့်မပြုအပ်သည့်ရုပ်တု
ကိုးကွယ်ခြင်းတို့ကိုကာလကြာမြင့်စွာပြုကျင့်နေထိုင်
၄။ ခဲ့ကြသည်။ယခုမှာမူသင်တို့သည်ဘုရားတရားကင်းမဲ့
သူတို့နှင့်အတူ ယင်းကဲ့သို့သောက်စားမူးယစ်အပျော်
အပါးကြူးခြင်း၊ကိုယ်ကျင့်တရားကင်းမဲ့စွာပြုကျင့်နေ
ထိုင်၍ပျက်စီးမှုများတွင်မပါဝင်ကြတော့သဖြင့်သူတို့
သည်အံ့အားသင့်ကြလျက်သင်တို့ကိုစော်ကားပြောဆို
၅။ ကြ၏။ သို့ရာတွင် သူတို့သည် ဤသို့ပြုကြသည့်
အတွက်ရှင်သူသေသူတို့ကို တရားစီရင်တော်မူသော
ဘုရားသခင်၏အထံတော်၌ စစ်ဆေးစီရင်ခြင်းကိုခံရ
၆။ ကြလိမ့်မည်။ ဤအကြောင်းကြောင့် သေလွန်သူတို့
အားဧဝံဂေလိသတင်းကောင်းကို ကြေညာရခြင်းဖြစ်
၏။သို့မှသာလျှင် သူတို့သည်အသက်ရှင်စဉ်အခါ၌
လူတိုင်းနည်းတူကိုယ်ခန္ဓာအားဖြင့် အပြစ်ဒဏ်စီရင်
ခြင်းခံခဲ့ရကြသော်လည်း ဘုရားသခင်၏ရှေ့မှောက်
တော်၌စိတ်ဝိညာဉ်အားဖြင့် အသက်ရှင်သန်စံစားနိုင်
ကြပေလိမ့်မည်။

## ဘုရားသခင်၏ဆုကျေးဇူးများကို စောင့်ရှောက်သူများ

၇။ အမှုအရာခပ်သိမ်းတို့၏ အချိန်ကာလသည်အဆုံးသို့
ရောက်လုနီးပြီဖြစ်သဖြင့် သင်တို့သည် ဆုတောင်း
ပတ္ထနာ ပြုနိုင်ကြရန် မိမိတို့ စိတ်ကိုထိန်းချုပ်လျက်
၈။ ပညာသတိရှိကြရမည်။အရာအားလုံးထက်ပို၍အချင်း
ချင်း စစ်မှန်ရိုးစင်းသော ချစ်ခြင်းမေတ္တာထားရှိကြ
လော့။အဘယ်ကြောင့်ဆိုသော်ချစ်ခြင်းမေတ္တာတရား
သည်များစွာသော အပြစ်တို့ကို ဖုံးလွှမ်းစေနိုင်သော
၉။ ကြောင့်ဖြစ်၏။သင်တို့သည်မငြီးမညူဘဲအချင်းချင်း
၁၀။ ဧည့်ဝတ်ပြုကြလော့။ သင်တို့သည် ထူးခြားသောဆု
ကျေးဇူးကို အသီးသီး ခံရကြသည်နှင့်အညီထူးခြား
သောဆုကျေးဇူးအမျိုးမျိုးကိုကောင်းသောဘဏ္ဍာစိုးကဲ့
၁၁။ သို့အချင်းချင်း ဝေငှအသုံးပြုကြလော့။ တရားဟော
ပြောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်ကိုဟော
ပြောစေ၊ အမှုတော်မြတ်၌ အစေခံသူဖြစ်လျှင်ဘုရား
သခင် ပေးတော်မူသော အစွမ်းသတ္တိအတိုင်း လုပ်
ဆောင်စေ သို့မှသာ ခပ်သိမ်းသောအရာတို့၌**ယေရှု**
ခရစ်တော်အားဖြင့် ဘုရားသခင်၏ ဘုန်းဂုဏ်တော်
ထွန်းလင်းလိမ့်မည်။အကြောင်းမူကား သခင်**ယေရှု**
ခရစ်တော်တစ်ပါးတည်းသာလျှင်ဘုန်းဂုဏ်တော်နှင့်
စွမ်းအားတန်ခိုးတော်တို့ကိုကမ္ဘာအဆက်ဆက်စိုးပိုင်
တော်မူသောကြောင့်ဖြစ်သတည်း။ အာမင်။

## ခရစ်ယာန်အနေဖြင့်ကြုံတွေ့ရသည့်ဒုက္ခဆင်းရဲ

၁၂။ ချစ်မြတ်နိုးရသူတို့သင်တို့၏ ယုံကြည်ခြင်းကိုဆမ်း
စစ်ရန်မီးဖြင့်စမ်းသပ်ခြင်းခံနေရကြသည်ကိုထူးဆန်း
သည့်အဖြစ်အပျက်ဟုမှတ်ယူကာအံ့ဩခြင်းမရှိကြနှင့်
၁၃။ သို့သော်သင်တို့သည်ခရစ်တော်၏ဒုက္ခဝေဒနာခံထမ်း
တော်မူခြင်း၌ပါဝင်ဝေမျှခံစားရကြသဖြင့်ဝမ်းမြောက်
ကြလော့။သို့မှသာခရစ်တော်၏ ဘုန်းဂုဏ်တော်ထင်
ရှားတော်မူသောကာလ၌သင်တို့သည်အလွန်ရွှင်လန်း
ဝမ်းမြောက်ကြပေလိမ့်မည်။
၁၄။ သင်တို့သည် ခရစ်တော်၏နာမတော်အတွက်ကြောင့်
ပြစ်တင်စော်ကားခြင်းခံရကြသောအခါမင်္ဂလာရှိကြ
၏။ အဘယ်ကြောင့်ဆိုသော်ထိုသို့ပြစ်တင်ခြင်း ခံရ
သောအချိန်၌ဘုရားသခင်၏ ဝိညာဉ်တော်တည်းဟူ
သောဘုန်းဂုဏ်နှင့်ပြည့်ဝသည့်ဝိညာဉ်တော်သည်သင်
၁၅။ တို့အပေါ်သက်ရောက်လျက်ရှိတော်မူ၏။သင်တို့တွင်
မည်သူတစ်စုံတစ်ယောက်မျှ၊လူသတ်မှု၊ခိုးမှု၊ရာဇဝတ်
မှုသို့မဟုတ် သူတစ်ပါး၏ပြစ်မှုတွင် ဝင်ရောက်စွတ်
ဖက်မှုဖြင့်ပြစ်ဒဏ်မခံထိုက်စေနှင့်။
၁၆။ သို့သော်သင်တို့တွင်မည်သူမဆို၊ ခရစ်ယာန်တစ်ဦး
ဖြစ်သောကြောင့် ပြစ်ဒဏ်ခံရပါလျှင် အရှက်ရမည့်
အစား ခရစ်တော်၏နာမတော်အားဖြင့် ဘုရားသခင်
၏ဂုဏ်တော်ကို ချီးမွမ်းကြစေ။
၁၇။ တရားစီရင်တော်မူမည့်အချိန်ကျရောက်လာသောအခါ
ဘုရားသခင်၏လူမျိုးတော်တို့သည် တရားစီရင်ခြင်း
ကိုပထမဦးစွာခံရကြမည်။ ငါတို့သည်ဦးစွာတရားစီ
ရင်တော်မူခြင်းကိုခံရကြပါလျှင် ဘုရားသခင်၏ဧဝံ
ဂေလိသတင်းကောင်းကိုမယုံကြည်သူတို့၏ ဘဝအဆ
၁၈။ ဆုံးသည် မည်သို့ဖြစ်လိမ့်မည်နည်း။ ကျမ်းစာတော်
အရအကယ်၍ဖြောင့်မတ်သော သူများပင်လျှင်ကယ်
တင်ခြင်းခံရရန် ခက်ခဲပါမူ ဘုရားတရားမဲ့သူတို့နှင့်
၁၉။ အပြစ်ရှိသူတို့အဖို့မည်သို့ဖြစ်လိမ့်မည်နည်း။သို့ဖြစ်၍
သင်တို့သည်ဘုရားသခင်၏အလိုတော်နှင့်အညီဒုက္ခ
ဝေဒနာခံထမ်းကြရလျှင်သစ္စာရှိတော်မူသောဖန်ဆင်း
ရှင်ထံမိမိတို့ကိုယ်ကိုအပ်နှံကြ၍ကောင်းသောအမှုတို့
ကို ဆက်လက်၍ ပြုကျင့်ဆောင်ရွက်ကြစေ။

## အခန်းကြီး(၅)
### ဘုရားသခင်၏သိုးစု

၁။ ငါသည်သင်တို့ကဲ့သို့အသင်းတော်အကြီးအကဲတစ်ဦး
အနေဖြင့်လည်းကောင်း ခရစ်တော်ခံရသော ဒုက္ခ
ဝေဒ နာကိုမျက်မြင်သက်သေတစ်ဦးအနေနှင့်လည်း
ကောင်း၊ထင်ရှားပေါ်ထွန်းလာမည့် ဘုန်းဂုဏ်တော်၌
ပါဝင် စံစားနိုင်ရန်မျှော်လင့်နေသူတစ်ဦး အနေနှင့်
လည်းကောင်းသင်တို့အလည်တွင်ရှိကြသောအသင်း
တော်အကြီးအကဲများတို့အားတိုက်တွန်းနှိုးဆော်လို၏
၂။ သင်တို့သည် မိမိတို့အား အပ်နှင်းထားသောဘုရား
သခင်၏သိုးစုကိုကြည့်ရှုစောင့်ထိန်းကြလော့။တာဝန်
ဝတ္တရားတစ်ရပ်အနေဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏
အလိုတော်ကိုဆောင်ရွက်သည့်အနေဖြင့်ဝမ်းသာအား
ရစွာ စောင့်ထိန်းကြလော့။ ငွေကြေးရရှိရန်အတွက်
မဟုတ်ဘဲ စေတနာစိတ်နှင့်လုပ်ဆောင်ကြလော့။
၃။ သင်တို့အားအပ်နှင်းထားသော သိုးစုအပေါ်တွင်အစိုး
တရပြုကြမည့်အစား၊သူတို့အားစံနမူနာကောင်းပြကြ
၄။ လော့။ သို့မှသာသင်တို့သည် သိုးထိန်းချုပ်ကြီးပေါ်
ထွန်းလာတော်မူသောအခါမမှေးမှိန်နိုင်သောဘုန်း
၅။ ဂုဏ်တော်သရဖူကိုရရှိကြပေလိမ့်မည်။ထိုနည်းတူစွာ
လူငယ်လူရွယ်များဖြစ်သောသင်တို့သည် လူကြီးတို့
စကားကို လေးစားစွာနားထောင်ကြလော့။ သင်တို့
အချင်းချင်းဆက်ဆံရာတွင် နှိမ့်ချသောစိတ်တည်းဟူ
သော တန်ဆာကိုအစဉ်ဝတ်ဆင်ကြလော့။အဘယ်
ကြောင့်ဆိုသော်ကျမ်းစာတော်တွင်ဘုရားသခင်သည်
မာနကြီး သူတို့ကို ဆန့်ကျင်တော်မူ၍နှိမ့်ချသောသူ
တို့ကိုကျေးဇူးတော်ဖြင့်ချီးမြှင့်တော်မူ၏ဟုဖော်ပြထား
၆။ သောကြောင့်ဖြစ်၏။သို့ဖြစ်၍ဘုရားသခင်၏စွမ်းအား
တန်ခိုးတော်ရှေ့မှောက်၌သင်တို့ရှိခိုးဦးချကြလော့။သို့မှ
သာလျှင်သခင်ဘုရားသည်အချိန်တန်သောအခါသင်
၇။ တို့အား ချီးမြှင့်တော်မူလိမ့်မည်။ ဘုရားသခင်သည်
သင်တို့အားကြည့်ရှုစောင့်ရှောက်တော်မူသောကြောင့်
သင်တို့၏စိတ်ပူပင်သောကရှိသမျှတို့ကိုကိုယ်တော်
၈။ အားပုံ၍အပ်နှံကြလော့။ပညာသတိရှိ၍နိုးနိုးကြားကြား
ရှိကြလော့။ အဘယ်ကြောင့်ဆိုသော်သင်တို့၏ရန်သူ
စာတန်နတ်ဆိုးသည်ဟိန်းဟောက်သောခြင်္သေ့ကဲ့သို့
ဝါးမျိုရမည့် သူကို လှည့်လည် ရှာဖွေလျက်ရှိ၏။
၉။ သင်တို့သည်လည်းမိမိတို့၏ယုံကြည်ခြင်း၌ခိုင်မြဲခိုင်မာ
ခြင်းရှိကြ၍သူ၏ရန်ကိုတွန်းလှန်ကြလော့။ အဘယ်
ကြောင့်ဆိုသော်သင်တို့သိကြသည့်အတိုင်းကမ္ဘာတစ်
ဝှမ်းလုံးရှိသင်တို့၏ညီအစ်ကိုအပေါင်းတို့သည်ဤသို့
သော ဆင်းရဲဒုက္ခများနှင့်ကြုံတွေ့လျက်ရှိနေကြသော
၁၀။ ကြောင့်ဖြစ်၏။သို့ရာတွင် ကျေးဇူးတော်အပေါင်းတို့
၏ဘုရားရှင်သည် သင်တို့ကိုခရစ်တော်၏ဘုန်းဂုဏ်
တော်၌ ပါဝင်စံစားနိုင်ရန်ဖိတ်ခေါ်တော်မူ၏။ သင်
တို့သည်ခေတ္တ၊ခဏ၊ ကာလမျှသာဆင်းရဲဒုက္ခခံကြရ
ပြီးနောက်၊ ကိုယ်တော်သည်သင်တို့အား စုံလင်ခြင်း
သို့ပြီးပြည့်စုံလင်စေတော်မူ၍ ခိုင်ခန့်မြဲမြံစေပြီးလျှင်
ခွန်အားဖြည့်ပေးကာကူညီထောက်မတော်မူလိမ့်မည်။
၁၁။ ကိုယ်တော်သည် ထာဝရ အုပ်စိုးတော်မူပါစေသော။
အာမင်။

### နောက်ဆုံးနှုတ်ဆက်စကား

၁၂။ ငါသည်သင်တို့အားနှိုးဆော်အားပေးစကားပြောကြား
ရန်နှင့်သင်တို့ခံစားရသည့် ကျေးဇူးတော်သည်ဘုရား
သခင်၏ကျေးဇူးတော် အစစ်အမှန်ဖြစ်ကြောင်းသက်
သေခံရန် သစ္စာရှိသူဟု ငါယုံကြည်သောညီအစ်ကို
**ဆီဗာနု**၏ အကူအညီဖြင့် သင်တို့ထံသို့ ဤစာတို
ကလေးကို ရေးပို့လိုက်၏။ထို့ကြောင့်ကျေးဇူးတော်၌
၁၃။ ခိုင်မြဲစွာ ရပ်တည်ကြလော့။ ဘုရားသခင်ရွေးချယ်
တော်မူခြင်းကိုသင်တို့နှင့်အတူ ခံခဲ့ရသည့်**ဗာဗီလုံ**
မြို့အသင်းတော်ဝင်တို့ကသင်တို့အားနှုတ်ဆက်လိုက်
၏။ငါ့သား **မာကု**ကလည်း နှုတ်ဆက်လိုက်၏။
၁၄။ သင်တို့ အချင်းချင်း တစ်ယောက်ကို တစ်ယောက်
မေတ္တာဖြင့် နမ်းရှုတ်လျက်နှုတ်ဆက်ကြလော့။ ခရစ်
တော်၌ပါဝင်ကြသောသင်တို့အားလုံး ငြိမ်းချမ်းသာ
ယာခြင်းရှိကြပါစေသော။ အာမင်။